၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ၊ ၃၁ ရက်

**မြန်မာနိုင်ငံနှင့်စပ်လျဉ်း၍ နိုင်ငံတကာရွေးကောက်ပွဲကျွမ်းကျင်သူများ နှင့် အဖွဲ့အစည်းများ၏ ပူးတွဲကြေညာချက်**

ရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေး၊ ရွေးကောက်ပွဲနှင့် ဒီမိုကရေစီအကူအညီပေးရေးတို့တွင် အဓိကလှုပ်ရှားဆောင်ရွက်ပြီး နိုင်ငံတကာရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေး အခြေခံမူများဆိုင်ရာ ကြေညာစာတမ်း[1]ကို လေးစားလိုက်နာသော၊ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေး လုပ်ဆောင်မှုများ၏ ဖြောင့်မှတ်မှန်ကန်မှု နှင့် အများယုံကြည်စိတ်ချမှုတို့အား အားပေးထိန်းသိမ်းသည့် အောက်ပါလက်မှတ်ရေးထိုးထားသော ကျွန်ုပ်တို့အဖွဲ့အစည်းများသည် တရားဥပဒေနှင့်မညီသည့်အပြင် တရားဝင်မှုမရှိသော မြန်မာအာဏာသိမ်းစစ်အုပ်စုဖြစ်သည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ (နစက) နှင့် ထိုအဖွဲ့က တည်ထောင်ထားသော တရားမဝင် “ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်”တို့က ယခုနှစ်နှောင်းပိုင်းတွင် ကျင်းပရန်စီစဉ်လျက်ရှိသည့် အတုအယောင် “ရွေးကောက်ပွဲအား” ရှုံ့ချပြီး ထိုရွေးကောက်ပွဲတွင်လည်း ပါဝင်ပတ်သတ်ခြင်း လုံးဝ မရှိပါ။

ထိုအတုအယောင်ရွေးကောက်ပွဲများအတွက် မည်သည့် နည်းပညာအထောက်အပံ့ဖြစ်စေ၊ ပစ္စည်းအထောက်အပံ့ဖြစ်စေ (သို့) ထောက်ခံသောအသွင်ဆောင်သည့် မည်သည့် အမှတ်သညာမျှပင် နစကအား ပေးအပ်ခြင်းမပြုရန် နိုင်ငံတကာအသိုင်းအဝိုင်းအား ကျွန်ုပ်တို့က လေးလေးနက်နက် တောင်းဆိုလိုက်ပါသည်။ ကုလသမဂ္ဂလုံခြုံရေးကောင်စီ၊ ကုလသမဂ္ဂအထွေထွေညီလာခံနှင့် ကုလသမဂ္ဂလူ့အခွင့်အရေးကောင်စီများ၌ ဆုံးဖြတ်ချက်များချမှတ်ခြင်းဖြင့်သော်လည်းကောင်း၊ တစ်နိုင်ငံခြင်းဖြစ်စေ၊ ပူးတွဲဖြစ်စေ ကြေညာချက်များထုတ်ပြန်ခြင်းဖြင့်သော်လည်းကောင်း ကျွန်ုပ်တို့နှင့်ပူးပေါင်း၍ စစ်အုပ်စု၏ ရွေးကောက်ပွဲအား ဆန့်ကျင်ပါကြောင်း အတိအလင်းထုတ်ပြန်ရန် ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများကိုလည်း တိုက်တွန်းလိုက်ပါသည်။

ပြည်သူလူထုက ၎င်းတို့၏ သဘောဆန္ဒများကို လွတ်လပ်စွာထုတ်ဖော်မပြနိုင်လောက်အောင် မြန်မာစစ်အုပ်စုသည် ပြည်သူလူထု၏ လူ့အခွင့်အရေးများကို စနစ်တကျနှင့် ကြီးမားကျယ်ပြန့်စွာ ချိုးဖောက်လျက်ရှိသည်။ သတင်းထောက်များအား အနှောက်အယှက်ပြုခြင်း၊ ထောင်ချ နှိပ်စက်ခြင်းများအပြင် တက်ကြွလှုပ်ရှားသူများနှင့် အခြားနိုင်ငံရေးခေါင်းဆောင်များအပါအဝင် လူအများအားပေးထောက်ခံသောပါတီ၏ ခေါင်းဆောင်များကို ဖမ်းဆီးထိန်းသိမ်းခြင်း၊ ညှဉ်းပမ်းနှိပ်စက်ခြင်း၊ သေဒဏ်ချမှတ်ခြင်းများဖြစ်ပေါ်နေသည့် မြန်မာနိုင်ငံ၏လက်ရှိအခြေအနေတွင် စစ်မှန်သောရွေးကောက်ပွဲတစ်ခုကျင်းပရန် မည်သို့မျှ မဖြစ်နိုင်ပါ။ အာဏာသိမ်းမှု နှင့် စစ်အုပ်စုအားဝေဖန်ပြီး နိုင်ငံတကာမှအသိအမှတ်ပြုထားသော တရားဝင် ၂၀၂၀ ရွေးကောက်ပွဲကို ကာကွယ်ကြသည့်သူများအား ရာဇဝတ်သားများအဖြစ်မှတ်ယူလျက်ရှိပြီး ဖိနှိပ်လျက်ရှိသည်။ အာဏာသိမ်းပြီးနောက် တရားဝင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ အရာထမ်း ၂၁ ယောက်အား ၂၀၂၀ ရွေးကောက်ပွဲတွင် ပါဝင်ဆောင်ရွက်ခဲ့သည့်အကြောင်းပြချက်ဖြင့် ယခုအချိန်ထိ ဖမ်းဆီးထိန်းသိမ်းထားဆဲဖြစ်ကြောင်းကိုလည်း သတိပြုသင့်သည်[2]။ ၂၀၂၀ ရွေးကောက်ပွဲတွင် အများစုတွေ့ခဲ့ရသည့် လွတ်လပ်စွာသဘောဆန္ဒထုတ်ဖော်ခွင့်၊ လွတ်လပ်စွာစုဝေးခွင့် နှင့် လွတ်လပ်စွာအသင်းအဖွဲ့တည်ထောင်ခွင့်အပါအဝင် လူ့အခွင့်အရေးများနှင့် အခြေခံလွတ်လပ်ခွင့်များ မကျင့်သုံးနိုင်ပါက စစ်မှန်သည့်ဒီမိုကရေစီရွေးကောက်ပွဲများ မကျင်းပနိုင်ပါ။ နစက က အဆိုပါ မည်သည့်လွတ်လပ်ခွင့်ကိုမှ ကျင့်သုံးခွင့်မပြုကြောင်းထင်ရှားသော သက်သေသာဓကများစွာရှိပါသည်။

---

[1] ကုလသမဂ္ဂအတွင်းရေးမှူး၏ ပံ့ပိုးကူညီမှုဖြင့် နိုင်ငံတကာရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေး အခြေခံမူများဆိုင်ရာ ကြေညာစာတမ်းကို ၂၀၀၅ ခုနှစ် အောက်တိုဘာလ ၂၇ ရက်နေ့တွင် အတည်ပြုထုတ်ပြန်သည်။
https://electionstandards.cartercenter.org/wp-content/uploads/2013/10/Declaration-and-Code-English-revised.pdf

[2] နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း၏ မှတ်တမ်း https://aappb.org/?p=23952

စစ်မှန်သည့်ဒီမိုကရေစီရွေးကောက်ပွဲများဆိုသည်မှာ နိုင်ငံတစ်နိုင်ငံ၏ ပြည်သူလူထုက ပိုင်ဆိုင်သော အချုပ်အခြာအာဏာ၏ ပြယုဒ်ပင်ဖြစ်ပြီး ပြည်သူလူထုကလွတ်လပ်စွာထုတ်ဖော်ထားသော သဘောဆန္ဒသည် အစိုးရ၏ အခွင့်အာဏာနှင့် တရားဝင်မှုတို့၏ အခြေခံအုတ်မြစ်ပင်ဖြစ်သည်။ နစကတွင် ရွေးကောက်ပွဲများမှတဆင့် ဖော်ပြသော ပြည်သူလူထု၏ သဘောဆန္ဒကိုကိုယ်စားပြုသည့် မည်သို့သော ဒီမိုကရေစီတရားဝင်မှုမျှ မရှိပါ။

ကျွန်ုပ်တို့သည် ရွေးကောက်ပွဲကျင်းပခြင်းဆိုင်ရာ အင်စတီကျူးရှင်းများ၊ လုပ်ငန်းစဉ်များ၊ ဥပဒေများနှင့်စပ်လျဉ်းသည့် သတင်းအချက်အလက်များအား အဘက်ဘက်မှ စနစ်တကျနှင့် တိကျမှန်ကန်စွာ စုဆောင်းခြင်းများလုပ်ဆောင်ရန် ကတိကဝတ်ပြုထားသော အဖွဲ့အစည်းများဖြစ်သည်။ ရွေးကောက်ပွဲဖြစ်စဉ်တစ်ခုလုံးနှင့် သက်ဆိုင်သော အချက်အလက်များကို ကျွန်ုပ်တို့က ဆန်းစစ်လေ့လာပါသည်။ ထိုသတင်းအချက်အလက်များကို သမာသမတ်ကျစွာ စိတ်ဖြာလေ့လာ၍ သတင်းအချက်အလက်များ၏ တိကျမှန်ကန်မှုနှင့် စိတ်ဖြာလေ့လာချက်၏ သမာသမတ်ကျမှုဆိုင်ရာ အမြင့်ဆုံး စံချိန်စံညွှန်းများအပေါ် အခြေတည်၍ ရွေးကောက်ပွဲလုပ်ငန်းစဉ်များ၏ ဝိသေသလက္ခဏာများအပေါ် သုံးသပ်ပါသည်။ ရွေးကောက်ပွဲလုပ်ငန်းစဉ်များ၏ ဖြောင့်မတ်မှန်ကန်မှု နှင့် အကျိုးထိရောက်မှုများ တိုးတက်ကောင်းမွန်စေရန်အတွက် လိုအပ်သလို အကြံပြုချက်များပေးပါသည်။ ဤအတုအယောင် “ရွေးကောက်ပွဲ” အပေါ် မည်သည့်အကြံပြုချက်များပင် ကျွန်ုပ်တို့ပေးပါစေ ရွေးကောက်ပွဲလုပ်ငန်းစဉ်၏ အလိမ်အညာကို မည်သို့မျှကုစားမပေးနိုင်ပါ။ ထိုအစား နစကအား “၂၀၂၀ ခုနှစ် နိုဝင်ဘာလ ၈ရက်နေ့တွင်ကျင်းပခဲ့သော အထွေထွေရွေးကောက်ပွဲရလဒ်ဖြင့် ပြည်သူလူထုမှ လွတ်လပ်စွာထုတ်ဖော်ခဲ့သော ဆန္ဒကို လေးစားရန်၊ နိုင်ငံတော်အရေးပေါ်ကြေညာချက်အားရုပ်သိမ်းရန်၊ မြန်မာနိုင်ငံရှိ ပြည်သူအားလုံး၏ လူ့အခွင့်အရေးအားလုံးကို လေးစားရန်၊ မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲသော ဒီမိုကရေစီအသွင်ကူးပြောင်းမှုကိုခွင့်ပြုရန်” အရေးဆိုထားသော ကုလသမဂ္ဂအထွေထွေညီလာခံ၏ တောင်းဆိုချက်ကိုသာလိုက်နာရန် အကြံပြုရမည်ဖြစ်သည်။ အတုအယောင် “ရွေးကောက်ပွဲ” ကျင်းပခြင်းဖြင့် မြန်မာနိုင်ငံတွင် တည်ငြိမ်မှုရရှိမလာနိုင်ပါ။ အတုအယောင် “ရွေးကောက်ပွဲ”သည် အကြမ်းဖက်မှုများ တိုးပွားခြင်း၊ အမြင်မတူသောဆန့်ကျင်ဘက် အုပ်စုနှစ်စုပိုမိုကွဲပြားသွားခြင်းဖြစ်ပေါ်စေနိုင်ပြီး အာဏာသိမ်းမှုကြောင့်ဖြစ်ပေါ်လာသော အကျပ်အတည်းကို ပိုမိုဆိုးရွားစေမည့်အပြင် ဒေသတွင်းနှင့် နိုင်ငံတကာ လုံခြုံရေး၊ တည်ငြိမ်မှုတို့ကိုပါ ခြိမ်းခြောက်မှုဖြစ်ပေါ်လာစေနိုင်ပါသည်။

ဒီမိုကရေစီ နှင့်ရွေးကောက်ပွဲဆိုင်ရာအကူအညီပေးရေး နိုင်ငံတကာအဖွဲ့အစည်း International IDEA

အမျိုးသားဒီမိုကရေစီအင်စတီကျု NDI

လွတ်လပ်သောရွေးကောက်ပွဲများဆိုင်ရာ အာရှကွန်ရက် ANFREL

နိုင်ငံတကာ ရီပတ်ပလစ်ကန် အင်စတီကျု IRI

ကလပ်ဒီမက်ဒရစ်အသင်း Club de Madrid

နိုင်ငံတကာရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေး အခြေခံမူများဆိုင်ရာ ကြေညာစာတမ်းကို ထောက်ခံအားပေးသော အခြားအဖွဲ့အစည်းများ၊ အင်စတီကျူးရှင်းများ နှင့် အသင်းအဖွဲ့များအား ဤကြေညာချက်တွင် ပူးပေါင်းပါဝင်၍ ကျယ်ကျယ်ပြန့်ပြန့် ဖြန့်ဝေပေးရန် လက်မှတ်ရေးထိုးထားသောအဖွဲ့များက ဖိတ်ခေါ်အပ်ပါသည်။